# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 6/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်နီ(ကယား)ပြည်နယ်

- မတ်(၆)ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ ကျောက်ဆည်ကန်တိုက်ပွဲတွင် စစ်ကြောင်းထိုးလာသည့် စကစများအား အလယ်ပိုင်းတိုင်းအထူးစစ်ဆင်းရေးတပ်၊DMO PDF ၊ LOIKAW PDF ၊ ဖယ်ခုံ PDF ၊ KA ၊ KNDFနှင့်ညီနောင်မဟာမိတ်အဖွဲ့များမှ ပူးပေါင်းခုခံတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၄၀)ကျော် သေဆုံးပြီး အရှင်နှစ်ဦးဖမ်းမိကာ လက်နက်များသိမ်းဆည်းရမိခဲ့သည်။
- မတ်(၅)ရက်နေ့မနက်(၆)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊သေးဆူလဲနှင့်ဒေါနော်ကူးဘက်မှ စကစတပ်သား အင်အား(၂၀၀)ဦးနှင့် ကျောက်ဆည်ကန်ဘက်မှလာသည့် စကစအင်အား(၁၀၀) ဝန်းကျင်ခန့် စုစုပေါင်း(၃၀၀)ခန့်ကို ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆိုနှင့် KGZ တပ်တို့ပူးပေါင်းပြီး ခုခံတိုက်ခိုက်ရာ ညနေ(၆)နာရီထိ တိုက်ပွဲဖြစ်ပွားပြီး စကစဘက်မှလက်နက်ကြီးများနှင့် ပစ်ခဲ့သော်လည်း စကစတပ်သား(၃၅)ဦးကျော် သေဆုံးပြီး ပြည်သူ့ကာကွယ်ရေးတပ်သား(၄)ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

### ချင်းပြည်နယ်

မတ်(၅)ရက်နေ့မနက်(၈)နာရီခန့်က ဖလမ်းမြို့နယ်၊ ရိခေါ်ဒါရ်မြို့နယ်ခွဲ၊ အမှတ်(၁)ရှိ စကစတပ်စခန်းကို CNDFနှင့်ပူးပေါင်းအဖွဲ့များမှ စစ်ကြောင်းများခွဲပြီး သွားရောက်တိုက်ခိုက်ခဲ့ရာ စကစတပ်သား (၄)ဦး သေဆုံးကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၆)ရက်နေ့မနက်(၁၁)နာရီခန့်က ကျွန်းလှမြို့နယ်၊အင်တိုင်းကျေးရွာမှလာသည့် စကစတပ်သား (၁၃၀)ခန့်ကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(ကန့်ဘလူ)က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစများ ထိခိုက်ကျဆုံးမှုရှိခဲ့သည်။
- မတ်(၅)ရက်နေ့ည(၉:၂၀)နာရီခန့်က ပုလဲမြို့တွင် ကင်းလှည့်နေသည့် စကစကားများကို ဒေါင်းနက် PDF မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၉)ဦး သေဆုံးခဲ့သည်။
- မတ်(၅)ရက်နေ့မနက်(၈:၃၀)နာရီခန့်က ဒီပဲယင်းမြို့နယ်၊စိုင်ပြင်ကြီးရဲစခန်းအား ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ မတ်(၆)ရက်နေ့မနက်ပိုင်းကလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

# စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်နီ(ကယား)ပြည်နယ်

- မတ်(၅)ရက်နေ့၊နေ့လယ်(၃:၂၀)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ံခါးကျေးရွာအနီးကို စကစဘက်မှ လေကြောင်းဖြင့် (၆)ကြိမ်တိုင် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပြည်သူပိုင်အဆောက်အဦးတချို့ မီးလောင်မှု အချို့ ဖြစ်ပွားခဲ့သည်။
- မတ်(၅)ရက်နေ့၊ည(၈)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ပဆေးလာရွာအတွင်းသို့ စကစဘက်မှ လက်နက်ကြီးနှင့်(၃)ကြိမ် ပစ်ခတ်ခဲ့ရာ ပြည်သူပိုင်နေအိမ်(၁)လုံး၊ ဈေးဆိုင်(၁)ဆိုင်နှင့် ကား(၁)စင်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

## ချင်းပြည်နယ်

- မတ်(၆)ရက်နေ့က ဟားခါးမြို့နယ်၊ Hniarlawn(သစ်)ကျေးရွာကို စကစတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ရာ နှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာနေအိမ်နှင့် အခြားအိမ်(၁)လုံး မီးလောင်ပျက်စီးသွားပြီး အမျိုးသမီး (၁)ဦး ဗုံးစထိမှန် ဒဏ်ရာရရှိကြောင်း သိရသည်။
- မတ်(၅)ရက်နေ့က ဟားခါးမြို့နယ်၊ ဖလမ်း-ဟားခါးလမ်းမပေါ်ရှိ ချွန်ကျုံးကျေးရွာမှ စိတ်ဝေဒနာရှင် ဦးရုန်းဟူကို စကစတပ်သားများကို ဦးခေါင်းနှင့်ရင်ဘတ်ကို သေနတ်ဖြင့် ပစ်သတ်သွားကြောင်း သိရသည်။
- မတ်(၅)ရက်နေ့မနက်(၁၁:၃၀)နာရီခန့်က မင်းတပ်မြို့နယ်၊ တွီလီကျေးရွာမှ လူငယ်တစ်ဦးကို စကစတပ်မှ ပေါက်မြို့နယ်၊သရက်တောကျေးရွာရှိ စစ်ဆေးရေးဂိတ်တွင် PDFအဖွဲ့ဝင်ဟု စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

- မတ်(၆)ရက်နေ့က ကျွန်းလှမြို့နယ်၊ ဝေလမူကျေးရွာမှ CDM ဆရာမ (၂)ဦးနှင့် ကျေးရွာသား (၂)ဦးကို စကစတပ်သားများမှဖမ်းဆီးခေါ်ဆောင်သွားပြီး ကျေးရွာအထွက်တွင် ကျေးရွာသား (၂)ဦးအား သတ်ပစ်ခဲ့သည်။
- မတ်(၆)ရက်နေ့မနက်(၈:၃၀)နာရီခန့်က ခင်ဦးမြို့နယ်၊ ကျွန်းလည်ကျေးရွာအတွင်းရှိ နေအိမ်များကို စကစတပ်သားအင်အား (၈၀)ခန့် ကမီးရှို့ဖျက်ဆီးခဲ့ပြီး မနက်(၉:၄၅)နာရီတွင် နေအိမ်များကို ဒုတိယအကြိမ် မီးရှို့ခဲ့ပြီး ကျေးရွာစာသင်ကျောင်းကိုပါ ဖျက်ဆီးခဲ့သည်။
- မတ်(၅)ရက်နေ့၊ည(၁၀)နာရီခန့်က ကနီမြို့နယ်၊ ချောင်းမ(ရ)ရွာနှင့်ချောင်းမ(န)ရွာများကို စကစတပ်သား အင်အား (၇၃)ဦးမှ ဝင်ရောက်မီးရှို့ခဲ့ရာ ချောင်းမ(ရ)ရွာရှိ ပြည်သူပိုင်နေအိမ် (၄) လုံး ၊ နွားတဲကြီး(၃)လုံး၊ချောင်းမ(န)ရွာတွင် ပြည်သူပိုင်နေအိမ်(၁၃)လုံး၊နွားတဲကြီး(၆)လုံး၊မီးဖိုချောင်(၉)ခု ၊ ထွန်စက် (၃) ခု၊ ဆီစက် (၃) ခုနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

## မကွေးတိုင်း

မတ်(၆)ရက်နေ့မနက်ပိုင်းက ရေစကြိုမြို့နယ်၊ရေစကြိုမြို့၊အောင်စီဂျင်အခမဲ့ကူညီရေးအသင်း ဦးဆောင်သူ ကိုဝဏ္ဏအောင် ဖမ်းဆီးခံရပြီး အသင်းရှိကား(၄)စီးကို ပျူစောထီးများမှ မျက်နှာဖုံးစွပ်များ ဝတ်ဆင်ကာ လာရောက်သိမ်းဆည်း ယူဆောင်သွားခဲ့ပြီး ဒေသခံအချို့ကိုလည်း ဖမ်းဆီးသွားခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## မန္တလေးတိုင်း

- မတ်(၆)ရက်နေ့က မြင်းခြံမြို့နယ်၊ ဆီမီးခုံမြို့တွင် စကစများမှ ပြည်သူ(၁၂)ဦးခန့်ကို ဖမ်းဆီးထားခဲ့သည်။
- မတ်(၅)ရက်နေ့မနက်ပိုင်းက မြင်းခြံမြို့နယ်၊ တည်ပင်ရွာတွင် တပ်စွဲထားသော စကစများက နွားထိုးကြီးဘက်သို့သွားရန်အတွက် ဒေသခံရွာသားများအား နွားလှည်းများကို ရှေ့မှ မောင်းခိုင်းကာ မိုင်းမနင်းမိရန် လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။

## ရန်ကုန်တိုင်း

- မတ်(၅)ရက်နေ့၊နေ့လယ်(၁)နာရီခန့်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၈) ရပ်ကွက်၊ စံပယ်လမ်းတွင် ကာတွန်းပညာရှင်ကိုဝေယံပိုင် ဖမ်းဆီးခံခဲ့ရသည်။
- မတ်(၅)ရက်နေ့၊ည(၇:၅၅)နာရီခန့်က သဃ်န်းကျွန်းမြို့နယ်၊ ဝေသန္တရာလမ်းနှင့်ကံ့ကော်ရိပ်သာလမ်းထောင့်၊ အမှတ်(၁၆/၃)ရှိ CDM ဆရာမတစ်ဦးပိုင်နေအိမ်ကို စကစတပ်သားများနှင့်ရဲများက အရပ်ဝတ်များဖြင့် လာရောက်ချိပ်ပိတ်သွားခဲ့သည်။